# ကျောင်းသားတွေနိုင်ငံရေးလုပ်ဖို့ လိုသေးလား?
# Should Student Union be non- political?

SEG I

"ပညာရေးဝန်ကြီးဌာနက ကျောင်းတွေမှာနိုင်ငံရေးနှင့်ပက်သက်တဲ့ စာတမ်းဖတ်ပွဲတွေ ဟောပြောပွဲတွေ ဆွေးနွေးပွဲတွေမလုပ်ဖို ့ထုတ်ပြန်တဲ့ကြေငြာချက်က NLDရဲ့မူဝါဒ မဟုတ်ပါဘူး။ ဥပဒေမှာ ပညာရေး လွတ်လပ်ခွင့်တွေပေးထားပါတယ်။ လွတ်လပ်စွာတွေးခေါ်ကြံဆခွင့်ပေးထားပါတယ်။"

**ဒေါ်အေးမြမြမျိုး (ရန်ကုန်တိုင်း ကျောက်တန်း ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်)**

---

"ပညာရေးဝန်ကြီးဌာနက ကျောင်းတွေမှာ သမဂ္ဂတွေထားဖို ့စာတွေထုတ်ထားတယ်။ ပထမ စာတစ်စောင် ထုတ်တယ်။ မလှုပ်လာကြဘူး။ ထိရောက်မှုမရှိဘူး။ အောက်ခြေမှာ တချို့ပါချုပ်တွေ အပြောင်းအလဲကို မလိုက်ချင်တဲ့သူတွေရှိတယ်။ ဒါနဲ့ နောက်တစ်စောင်ထပ်ထုတ်ရတယ်။ "

**ဒေါက်တာစိုင်းခိုင်မျိုးထွန်း (ဆရာများသမဂ္ဂ)**

---

"ကျနော့်အမြင်က ပညာရေးကိုယ်တိုင်က နိုင်ငံရေးပါပဲ။"

**ဒေါက်တာစိုင်းခိုင်မျိုးထွန်း (ဆရာများသမဂ္ဂ)**

---

"ပညာရေးနဲ့ နိုင်ငံရေးကို မျှတအောင်လုပ်ဖို့ ဆိုတာကတော့ ကျောင်းသားမှာလည်း တာဝန်ရှိတယ်။"

**ဒေါက်တာစိုင်းခိုင်မျိုးထွန်း (ဆရာများသမဂ္ဂ)**

---

"အစိုးရတစ်ရပ်ဟာ ကျောင်းတွေကို ဖြစ်အောင်လုပ်လို့ လည်းရတယ်။ ပျက်အောင်လုပ်လို့ လည်းရတယ်"

**ကိုတာ(စာရေးဆရာ)**

------------------------------------------------------------------------------------------------------------

"နိုင်ငံရေးသမားတွေကကျောင်းသားတွေကိုအသုံးချလိုက်တယ်လို့ သူတို့ယုံကြည်ကောင်းယုံကြည်နေလိမ့်မယ်။ သို့သော် တကယ်တမ်းက ကျောင်းသားတွေမှာ သူတို့ကိုယ်ပိုင်လေ့လာထားချက်၊ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိတယ်။ သူတို့ကိုယ်တိုင် ယုံကြည်ချက် ခံယူချက်မပါဘဲနဲ့တော့ အများစု ပါလာတဲ့ လှုပ်ရှားမှုမျိုး မဖြစ်နိုင်ဘူး။ ကျောင်းသားတွေက နိုင်ငံရေးသမားတွေရဲ့ အသုံးချခံမဟုတ်ပါဘူး။"

**မဖြိုးဖြိုးအောင် ( The Wings Institute )**

------------------------------------------------------------------------------------------------------------

**SEG II**

"တကယ်တမ်းကျတော့ ကျနော်တို့ကျောင်းသားအသက်အရွယ်က အစိုးရတစ်ရပ်ကိုဖြုတ်ချလိုက်ရင်တောင် ကျောင်းသားတွေအနေနဲ့ဂန်ကြီးတက်လုပ်ဖို့မဖြစ်နိုင်ဘူး။ ကျနော်တို့လုပ်နေတဲ့နိုင်ငံရေးသည် တိုင်းပြည်အတွက်ဖြစ်ရင်ဖြစ်မယ် ပြည်သူအတွက်ဖြစ်ရင်ဖြစ်မယ်။ကျနော်တို့အာဏာရဖို့အတွက်တော့ မဟုတ်ပါဘူး။"

**အထူးညွှန့်သည် ၊ မင်းသွေးသစ်(အရှေ့ပိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ ပြင်ပဆက်သွယ်ရေးတာဝန်ခံ)**

------------------------------------------------------------------------------------------------------------

"ကာကွယ်ရေးဘတ်ဂျက်က ပညာရေးထက်များနေတယ်။ ပညာရေး ဘက်ဂျက်များလာရင်ပို ကောင်းမယ်လို့ထောက်ပြတာပါ။ NLD အစိုးရလက်ထက်မှာ လူမှန်နေရာမှန်မဖြစ်ဘူး။ ကျနော်တို့ ကျောင်းသား သမဂ္ဂအများစုရဲ့ သဘောထားကတော့ ပညာရေးနဲ့ပက်သက်လာရင် လူရော မူရော ပြောင်းစေချင်တာအမှန်ပဲ။"

**အထူးညွှန့်သည် ၊ ကိုနန်းလင်း၊ဥက္ကဌ (ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ)**

------------------------------------------------------------------------------------------------------------

**SEG III**

"အပေါ်ကညွှန်ကြားမှုတွေကို အောက်က လိုက်မလုပ်တာတွေတွေ့ရတယ်။ ဥပမာ၊ တက္ကသိုလ်တွေမှာ ဆရာသမဂ္ဂတွေ ကျောင်းသားသမဂ္ဂတွေ ရွေးကောက်ပွဲတွေလုပ်ဖို့ ဆိုပြီးတချို့ ပါချုပ်တွေက ဒီစာကို ပုက်ထားလိုက်တယ်။"

ဒေါက်တာစိုင်းခိုင်မျိုးထွန်း (ဆရာများသမဂ္ဂ)

--------------------------------------------------------------------------------------------------------------------